ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# ထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ။၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီ(၁၃)ရက်။

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်တပ်၏ အာဏာသိမ်းလုပ်ရပ်အား လက်မခံနိုင်သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပြည်သူ့အာဏာ ပြည်သူ့လက်ဝယ် ပြန်လည်ရရှိရေး နည်းမျိုးစုံဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းများ အနေဖြင့်လည်း အကြမ်းဖက်စစ်ကောင်စီအား အုပ်ချုပ်ခွင့်မရစေရန်အတွက် အကြမ်းမဖက်အာဏာ ဖီဆန်ခြင်း CDM တွင် တစ်တပ်တအား ပါဝင်ခဲ့သည်။ ထိုသို့ပူးပေါင်းမှုကြောင့်သာ အာဏာသိမ်းမှု တစ်နှစ်အတွင်း စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တယားများ မတည်ဆောက်နိုင်ပဲ ယိုယွင်း ပျက်စီးနေပြီးဖြစ်ပါသည်။

၂။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီ၏ ဒုတိယအကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကရင်နီပြည်နယ်တို့ရောက်ရှိလာပြီး မြို့နယ်စီမံခန့်ခွဲရေး ကောင်စီများကို ခေါ်ယူတွေ့ဆုံခဲ့ပြီးသည့်နောက် ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီ (၂၅) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တာဝန်ထမ်းဆောင်စေရန် ညွှန်ကြားခဲ့သည်။

၃။ ပြည်သူလူထု၏ အသက်အိုးအိမ်များကို ထောက်ထား ငဲ့ညှာခြင်းမရှိဘဲ အပြစ်မဲ့ ပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လက်နက်ကြီးငယ်များ၊ လေကြောင်းတိုက်ခိုက်ခြင်းများကို ကရင်နီပြည်နယ်တွင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ အာဏာသိမ်းစစ်ကောင်စီကို အမြစ်ဖြတ်ချေမှုန်းခြင်း မလုပ်နိုင်ပါက နောက်ထပ် နှစ်ပေါင်း (၇၀) အာဏာရှင်စနစ်အောက်ကို ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပြီး စစ်အာဏာရှင်စနစ်ဆိုးအောက် ထပ်မံမရောက်ရှိရန်အတွက် CDM ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါသဖြင့် ပြည်သူ့ဝန်ထမ်းများ CDM တွင် ဆက်လက်ပါဝင်ပေးရန် လေးနက်စွာ တိုက်တွန်းပါသည်။

၄။ အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီကို သစ္စာခံ၍တာဝန်ထမ်းဆောင်နေသော ကျန်ရှိနေသည့် ဝန်ထမ်းများအား CDM ပြုလုပ်ခြင်းဖြင့် ပြည်သူများနှင့်ပူးပေါင်းရန် တော်လှန်ရေးအင်အားစုများက စည်းရုံးဖိတ်ခေါ်ခဲ့ပြီး အချိန်ကာလအားဖြင့် တစ်နှစ်ကျော်ကြာလာခဲ့ပြီးဖြစ်၍ လုံလောက်သော အချိန်ဖြစ်သည်ဟု သတ်မှတ်ပါသည်။ သို့ဖြစ်ပါ၍ ကရင်နီပြည်နယ်အတွင်း CDM မပြုလုပ်ပဲ စစ်ကောင်စီအား သစ္စာခံနေသော စစ်ဘက်၊ အရပ်ဘက် ဝန်ထမ်းများအားလုံး ဤကြေညာစာ ထွက်သည့်နေ့မှစ၍ CDM ပြုလုပ်ကြပါရန်လေးနက်စွာထပ်မံ တိုက်တွန်းပါသည်။

၅။ တော်လှန်ရေးအင်အားစုများအနေဖြင့် နှစ်ပေါင်း (၇၀) ကျော်ကြာ ကြီးစိုးလွှမ်းမိုးခဲ့သော စစ်အာဏာရှင်နှင့် အာဏာရှင်မှန်သမျှကို အမြစ်ပြတ်ချေမှုန်းရာ၌ ၎င်းတို့၏ ယန္တယား လည်ပတ်နိုင်အောင် ထောက်ကူပြုနေသည့် ထောက်တိုင်များအားလုံးကို ချေမှုန်းဖြိုလဲသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council